# “အပွင့်စကား”

မပြောချင်သော်လည်း ပြောရပြီ။ မဆိုချင်သော်လည်း ဆိုရသည်။ ဖတ်ရတော့မည့်ပုံရိပ်တွေရဖို့ ကျွန်တော်စာများများ ဖတ်ခဲ့ရသည်။ ကြိုးစားခဲ့ရသည်ဟု မပြောချင်သော်လည်း အားထုတ်ခဲ့ရသည်။ ဇာတ်လမ်းပေါင်းများကို မှတ်မိ ပါသည် မပြောချင်သော်လည်း အတိတ်ကောက်ကြောင်း ပြန်ပြောင်းနောက် လိုက်ရှာဖွေရသည်က အမောတကော၊ ကြိုကြိုစည်စည်ရှာရှာဖွေဖွေ မရနိုင်ဟု မဆိုချင်ပါသော်လည်း ရှာရခက်ခက်မှတ်တမ်းပုံတွေမှ လောဘဇောထိုက် ရှာဖွေတင်ပြဖြစ်သမို့ ဘာသာပီတိ ဝမ်းသာဖြစ်ရသည်။

ကျွန်တော့်မူ၊ ကျွန်တော့်ဟန်နှင့် ထွေထွေငေါ့ငေါ့တွေလည်းပါ၊ တည်တည်ငြိမ်ငြိမ်တွေလည်းထည့်၊ ထီးသုံးနန်းသုံးတွေလည်း သုံးခဲ့သော်လည်း စာတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ်တည်းမှ ပြန်ဆိုခြင်းမှုမဟုတ်ပါ။ တိကျ၊ သေချာ၊ ရေရာစိတ်ချရသည့် အကိုးအကားများကို တိုက်ဆိုင်စစ်ဆေးရေးသားရင်း ကြာသွားသည့်ကာလလည်း မနည်းလှပါကြောင်း ရိုးသားစွာ အစီရင်ခံလိုပါသည်။

ဆိုစေ။

ဤစာအုပ်တွင် သမီးများကို အခြေတည်၊ အဖေများအကြောင်းရေးဖွဲ့ သရွေ့ဗီဇစီးဆင်းခဲ့ကြပုံအကြောင်း လှတတ်သမျှလှဖို့ ကြိုးစားထားပါသည်။

မြည်းကြည့်ပါဦး။

❖ “ကျွန်မသွေးတောင်မပူသေးဘူးရှင့်”
ပြိုင်ဖက်ကို ၅၆ စက္ကန့်ထဲနှင့် အလဲထိုး ၂၄ ပွဲမှာ ရှုံးပွဲမရှိ။ ၂၁ ပွဲ အလဲထိုးခဲ့သည့် အမျိုးသမီးလက်ဝှေ့မယ်။ ‘ခင်ဗျားက ကျွန်တော် ထင်သလောက်မတုံးဘူး’ ဟု ကမ္ဘာကျော် အတွေးအခေါ်ပညာရှင် ဘာထရန်ရပ်ဆယ်နှင့် ဖိလစ်ပိုင်သမ္မတမားကို့စ်တို့ကို ပြောရဲခဲ့သောသူ့အဖေ။ ။

❖ ဖခင်က ဝန်ကြီးချုပ်၊ ကမ္ဘာ့ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်၏သမီး၊ သမ္မတအာဏာမြင့် ချိန်သူသမ္မတဖြစ်တော့ သူ့အမေက ဝန်ကြီးချုပ်၊ လုပ်ကြံသူတို့က သူ့ကိုညာမျက်လုံးတစ်ဖက်လပ်ဘဝပို့ခဲ့ကြ၊ ကျားတွေနဲ့မှ ကစားသူဝန်ကြီးချုပ်။ ။

❖ “သူ့လျှာဖြတ်မယ်ဆိုရင် ကျွန်တော်မကန့်ကွက်ဘူး” ဟု အမေရိကန်လွှတ်တော်အမတ်တစ်ဦးက ပရမ်းပတာအပြောခံရသူ၊ အဖေက အော်စကာဆုရှင်၊ သမီးကလည်း အော်စကာဆုရှင်။ ။

❖ သူ့နိုင်ငံရေးဇာတ်ခုံတွင် ဒုတိယမြောက်အမျိုးသမီးသမ္မတ။ သူ့အဖေက ၉-ယောက်မြောက်သမ္မတ၊ သူက ၁၄-ယောက်မြောက်သမ္မတ။ သံမဏိခဲဟု အခေါ်ခံရသူ။ ဘဲအုပ်ကတစ်ရာနှစ်ရာရှိလင့်ကစား မုပေဒါက လန်းဆဲ၊ ပွင့်ဆဲ၊ ဝင့်ဆဲ။ ။

❖ နောက်တစ်ဦးက ကမ္ဘာတော့ကျော်၏။ တိတ်တိတ်လေးနှင့်ကမ္ဘာကျော်သူ။ သူ့အဖေကလည်း သူ့နည်းနှင်နှင်။ ဂီတနှင့်ဂရမ်မီရှစ်ဆုရသူမို့ ချန်ပစ်၊ ချန်ရစ်လို့မရသူ။ ။

❖ အဖေကလွတ်လပ်ရေးတိုက်ပွဲဝင်သူရဲကောင်း၊ သူကအကြီးဆုံးသမီး၊ နိုင်ငံရေးကို စိတ်မဝင်စားသော်လည်း ဒုတိယသမ္မတဘဝမှ သမ္မတဘဝရောက်ကာ အမျိုးသမီးများကို ဦးစားမပေးသူတို့ကြား အောင်ပွဲခံခဲ့သူ၊ ခုတော့ ဒီမိုကရေစီနည်းကျ လွတ်လပ်သောရွေးကောက်ပွဲတွင် အရေးနိမ့်ကာ အများဆန္ဒကို လေးစားသမှုဖြင့် သာမန်လူမှုဘဝထဲ အေးဆေးတည်ငြိမ်စွာ ပြန်သွားခဲ့သူ။ ။

❖ အဘိုးက နယ်ချဲ့အင်္ဂလိပ်ကို အာဏာဖီဆန်၊ အဘွားလည်း နယ်ချဲ့ပုလိပ်လက်ကမလွတ်၊ အဖေကလွတ်လပ်ရေးဗိသုကာ၊ သူကလည်း နယ်ချဲ့ပုလိပ်တုတ်ချက်ကို ရဲရဲတောက်မကြောက်။ သူလည်းဝန်ကြီးချုပ်။ သားလည်းဝန်ကြီးချုပ်။ ချွေးမလည်း အာဏာရပါတီဥက္ကဋ္ဌ၊ မြေးကလည်း အနာဂတ်ဝန်ကြီးချုပ်ဟု ထင်ကြေးပေးခံရသူ။ “ဒီနေ့ ကျွန်မသေသွားရင် ကျွန်မသွေးစက်တိုင်းဟာ ဒီတိုင်းပြည်ကြီးကို ပိုမိုကြံ့ခိုင်သန်စွမ်းလာစေလိမ့်မယ်”ဟု မကွယ်လွန်မီတစ်ရက် နမိတ်စကားဆိုခဲ့သူ။ ။

❖ အမေရိကန်မှာ သူ့ပုံနှင့်တံဆိပ်ခေါင်းထုတ်ဝေခံရသူ အဆိုကျော်၏သမီး မိုက်ကယ်ဂျက်ဆင်လို၊ နီကိုလပ်ကေ့ချ်တို့လို ကမ္ဘာကျော်တွေ၏ဇနီး၊ သူ့အမည်နှင့် ဂျက်လေယာဉ်တောင် ပြတိုက်မှာထားခွင့်ရသူ။ ။

❖ ဒီမိုကရေစီနိုင်ငံကြီးဟု ဆိုလင့်ကစား သမိုင်းအနာအဆာများ။ တိုင်းပြည်အကွဲအပြဲများကြား သင်ခန်းစာယူစရာ ရှားရှားပါးပါး သေဒဏ်ပေးခံရသူဝန်ကြီးချုပ်၊ သူ့သမီးကလည်း ဝန်ကြီးချုပ်၊ သို့သော် တိုင်းပြည်ထဲမှာ မနေနိုင်၊ လွတ်လပ်ပါသည်ဆိုသော ဒီမိုကရေစီနိုင်ငံကြီးသည် မိခင်မြေဖြစ်လင့်ကစား ခုတိုင်းပြည်ဝင်ခွင့်နှင့် မြေနင်းခွင့်မရသေး။ ။

❖ အဖေကရူပဗေဒပညာရှင်၊ အမေကလည်း ရူပဗေဒနှင့် ဓာတုဗေဒပညာရှင်၊ အဖေနှင့်အမေက ရေဒီယိုသတ္တုကြွရှာဖွေတွေ့မှုဖြင့် နိုဗယ်ဆုရ၊ သူကလည်း ဓာတုဗေဒနိုဗယ်ဆုရ၊ သူ့ခင်ပွန်းကလည်း ဓာတုဗေဒနိုဗယ်ဆုရသူ၊ ကမ္ဘာ့သူကမ္ဘာ့သားတွေအတွက် ကောင်းချက်နာလိုက်ပုံက ပန်းပဲသမားကိုယ့်ဓားနှင့်ကို သေရသလိုသားအမိနှစ်ယောက်၏အဖြစ်။ ။

ဤသို့သော အကြောင်းအရာများကို စုစည်းဖွဲ့သီကုံးစီဖြစ်အောင် စိတ်ညစ်ခံအားပေးခဲ့သောဇနီး၊ အချက်အလက်တစ်စိတ်တစ်ပိုင်းကို ဖြည့်စည်းစုဆောင်းပေးခဲ့သော ကျွန်တော့်အဖေ၊ အင်တာနက်ကို စိတ်ရှိတိုင်းသုံးခွင့်ပေးခဲ့သည့် ကိုညွန့်ဝေ (ပြုံးပန်းတစ်ရာ)၊ ဒီပိုးတွေသွင်းပေးခဲ့သည့် ခရစ်တော်၌အိပ်ပျော်သွားတာကြာပြီဖြစ်သော ဆရာမဒေါ်အယ်နီမွား (တောင်ငူ) နှင့် တစ်ဆင့်စကားဖြင့် စာအုပ်ရေးနေစဉ်ကတည်းက အားတက်အောင်ဖေးကူခဲ့သူ အစ်ကိုကြီးဦးညိုမှိုင်း (အားမာန်သစ်) တို့အား လေးနက်တည်ကြည်စွာ ကျေးဇူးစကား ဆိုချင်ပါသည်။

အားနည်းချက်များကို ရှာဖြည့်လျက်၊ အားသာချက်များပိုလာအောင် ကြိုးစားမည်ဖြစ်ပါကြောင်း ကတိစကားဖြင့်

မောင်နွယ်အောင် (ဒဂုံဆောင်)
၃(ခ)၊ ရွှေဝါလမ်း။
အမှုထမ်းရပ်၊ သန်လျင်
ဖုန်း ၀၅၆-၂၂၂၆၂
e-mail:dagonnweaung@gmail.com